**KACHIN WOMEN'S ASSOCIATION THAILAND**

P.O.BOX 415, CHIANG MAI 50000, THAILAND

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၃ ရက်။

မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ ကြေညာချက်။

## တရုတ်နယ်စပ် လူကုန်ကူးမှုကို မြန်မာ့တပ်မတော်၏ ထိုးစစ်များနှင့် စစ်ရာဇဝတ်မှုများ ရပ်တန့်ခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်။

မြန်မာ့ တပ်မတော်၏ ထိုးစစ်များနှင့် စစ်ရာဇဝတ်မှုများ အဆုံးသတ်ခြင်း မရှိပဲ တရုတ်နယ်စပ်တလျောက်ရှိ လူကုန်ကူးမှု ပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်သည်ကို မြန်မာအစိုးရနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အသိအမှတ်ပြုရန် ကချင် အမျိုးသမီး အစည်းအရုံး- ထိုင်းနိုင်ငံ (KWAT)က မြန်မာနိုင်ငံ လူကုန်ကူးမှုဆန့်ကျင်ရေး နေ့တွင် တောင်းဆိုလိုက်သည်။

ကချင်အမျိုးသမီး အစည်းအရုံး- ထိုင်းနိုင်ငံ (KWAT)သည် လွန်ခဲ့သည့် ဆယ့်ငါးနှစ်အတွင်း အချို့ဖြစ်ရပ်များတွင် မြောက်ကိုရီးယား နယ်စပ်အထိ ရောက်သည့်တိုင်အောင် တရုတ်နိုင်ငံသို့ လူကုန်ကူးခံရမှု အများစု အပါအဝင် လူကုန်ကူးမှုမှ လွတ်မြောက်လာသူများကို အကူအညီများ ပေးလျက်ရှိသည်။ အများစုမှာ တရုတ် ယောကျ်ားများနှင့် အတင်းအဓမ္မ လက်ထပ်ပေးခြင်း ခံရပြီး သူတို့အတွက် ကလေးများ မွေးပေးခဲ့ရပြီး အခြားသူများမှာ လိင်လုပ်ငန်းအတွင်း အဓမ္မ သွတ်သွင်းခံခဲ့ကြရသည်။

ယခုနှစ် တစ်နှစ်အတွင်းတွင်ပင် KWAT သည် တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသူ အမျိုးသမီး တစ်ရာ ခန့်ကို ကူညီခဲ့ပြီး ဖြစ်သည်။ တချိန်တည်းမှာပင် အခြား အများအပြားလည်း ပျောက်ဆုံးနေသည်ကို သိရှိရသည်။ တရုတ်စကား မတတ်သည့် တရားဝင် စာရွက်စာတမ်းများ မရှိသော လူကုန်ကူးခံရသော အမျိုးသမီးများသည် အိမ်ပြန်လာနိုင်ရန်အတွက် ကြီးမားသော အတားအဆီး အခက်အခဲများကို တွေ့ကြုံကြရသည်။

လူကုန်ကူးခံရသူ အမျိုးသမီး အများစုမှာ မြန်မာနိုင်ငံ မြောက်ပိုင်း ပဋိပက္ခဒေသများမှ ဖြစ်ကြသည်။ ယင်းနေရာများသည် မြန်မာ့တပ်မတော်က ၂၀၁၁ ခုနှစ်မှ စ၍ ကချင်တို့အပေါ် ထိုးစစ်များ ပြန်လည်စတင်ခဲ့ပြီး ဩဂုတ်လ ၂၇ ရက်နေ့က ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေး မစ်ရှင်၏ အစီရင်ခံစာတွင် ဖော်ထုတ်ထားသကဲ့သို့ ကျေးရွာများ ဖျက်စီးခြင်း၊ သတ်ဖြတ်ခြင်း၊ အရပ်သားများကို

နိုပ်စက်ပြီး မုဒိမ်းပြုကျင့်ခြင်းများအပါအဝင် စစ်ရာဇဝတ်မှုများကို စနစ်တကျ ကျူးလွန်ခြင်းများ ရှိသော နေရာများ ဖြစ်သည်။

ပဋိပက္ခသည် မြန်မာနိုင်ငံ မြောက်ပိုင်းတွင် လူပေါင်း တစ်သိန်း နှစ်သောင်း ကျော်ကို အိုးအိမ်မဲ့များ ဖြစ်စေခဲ့သည်။ သူတို့သည် ပြည်တွင်း စစ်ရှောင် စခန်း ၁၇၀ ကျော်တွင် နေထိုင်လျက်ရှိပြီး လွန်ခဲ့သည့် နှစ်အတွင်း မြန်မာအစိုးရနှင့် တပ်မတော်တို့က နိုင်ငံတကာ ဥပဒေကို ချိုးဖောက်လျက် လူသားချင်းစာနာသော အထောက်အပံ့များကို တိုးမြှင့် ပိတ်ပင်ခြင်း နှင့် နိုင်ငံတ ကာ အလှူရှင် အလှူရှင် အဖွဲ့အစည်းများ၏ အ ကူအညီ ဖြတ်တောက်ခြင်းကို ခံခဲ့ကြရသည်။ သူတို့၏ မိသားစုများကို ကျွေးမွေးရန် အခြား နည်းလမ်းများ မရှိတော့သောကြောင့် အသက်အရွယ်အမျိုးမျိုးရှိကြသော အမျိုးသမီးများသည် လူကုန်ကူးသည့် အဖွဲ့များ သူတို့ကို အလွယ်တကူ သိမ်းသွင်းနိုင်သည့် တရုတ်နိုင်ငံတွင် အလုပ်ရှာဖွေရန် သွားရောက်ခြင်းဖြင့် အန္တရာယ်ကို ရင်ဆိုင်ကြရသည်။

မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် နိုင်ငံ၏ အခြားနေရာများတွင် ပြုလုပ်လျက်ရှိသော မြန်မာ့တပ်မတော်၏ ထိုးစစ်များကို ချက်ချင်း အဆုံးသတ်ရန်နှင့် ဖက်ဒရယ် ဒီမိုကရက်တစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ရေးဆွဲနိုင်ရန် တိုင်းရင်းသား ခေါင်းဆောင်များနှင့် အားလုံးပါဝင်သော ကြိုတင်သတ်မှတ်ချက်များ မပါရှိသည့် တွေ့ဆုံဆွေးနွေးမှုများကို စတင်ရန် KWAT အနေဖြင့် မြန်မာအစိုးရအား တောင်းဆိုသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့်လည်း အချက်အလက်ရှာဖွေရေး မစ်ရှင်၏ အစီရင်ခံစာတွင် အကြံပြုထားသော အရေးယူဆောင်ရွက်မှုများဖြင့် ယင်းတို့ကို အဆုံးသတ်သွားစေရန် မြန်မာအစိုးရအပေါ် ဖိအားပေးရန် မိမိတို့ တောင်းဆိုလိုက်သည်။

အခြေခံ အကြောင်းရင်းများကို ဖြေရှင်းခြင်း မပြုပဲ မြန်မာနိုင်ငံရှိ လူကုန်ကူးမှု ပြဿနာသည် မည်သည့်အခါမှ ပြေလည်သွားမည် မဟုတ်ပေ။

မိမိတို့အနေဖြင့် နိုင်ငံတကာ အလှူရှင် အဖွဲ့အစည်းများကိုလည်း မြန်မာနိုင်ငံမြောက်ပိုင်းရှိ နိုင်ငံတွင် ရွှေ့ပြောင်း ဒုက္ခသည်များအား လုံလောက်သော လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပေးရန် အရေးတကြီး တောင်းဆိုလိုက်သည်။ အစိုးရ၏ ကန့်သတ်မှုများကို ရှောင်ရှားရန်အတွက် ယင်းအကူအညီများကို လူထု အခြေပြု လမ်းကြောင်းများမှ တဆင့် နယ်စပ်ဖြတ်ကျော်၍ ပေးအပ်ရမည်။

*သတင်းအချက်အလက်ပိုမိုသိရှိလိုပါကဆက်သွယ်ရန် း*
*Moon Nay Li (+66 88-260-6417)*
*San Htoi (+ 95 942 3076 625)*

*Email:kwat.office@gmail.com*

*www.kachinwomen.com*